"ပြည်သူ့ကာကွယ်ရေးတပ်မတော် သစ္စာအဓိဋ္ဌာန် (၄) ချက်"

၁။ ငါတို့သည် ပြည်ထောင်စုနှင့် ပြည်ထောင်စုသားများအပေါ် သစ္စာစောင့်သိပါမည်။

၂။ ငါတို့သည် ဖက်ဒရယ်ဒီမိုကရေစီတိုက်ပွဲအတွင်းကျဆုံးခဲ့ရသော သူရဲကောင်းများကို သစ္စာစောင့်သိပါမည်။

၃။ ငါတို့သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပါမည်။

၄။ ငါတို့သည် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ငါတို့၏အသက်ကိုပွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားညီညွတ်ရေးအစိုးရ အပတ်စဉ်သတင်းထုတ်ပြန်ချက် (၁၂/၂၀၂၃)

အမှတ်စဉ် (၁၂/၂၀၂၃) http://www.nugmyanmar.org ၂၀၂၃ခုနှစ်၊ မတ်လ (၂၀) ရက်။

အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့သတင်း

## ၁။ စစ်ကောင်စီတာဝန်ပေး ဖွဲ့စည်းသည့် ရွေးကောက်ပွဲကော်မရှင်သည် အကြမ်းဖက်လက်အောက်ခံ အဖွဲ့အစည်းဖြစ်ကြောင်း NUG ထုတ်ပြန်

အကြမ်းဖက်စစ်အုပ်စုက ပြဌာန်းသည့် ရွေးကောက်ပွဲဥပဒေမှာ တရားဝင်မှုမရှိဘဲ အလိုအလျောက်ပျက် ပြယ်ပြီး ဖြစ်သကဲ့သို့ ဖွဲ့စည်းတာဝန်ပေးအပ်သည့် ရွေးကောက်ပွဲကော်မရှင်သည်လည်း အကြမ်းဖက်လက် အောက်ခံအဖွဲ့အစည်းဖြစ်ကြောင်း၊ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခြင်းခံထားရပြီး နိုင်ငံတကာဥပဒေများနှင့် တရားစွဲဆိုခံထားရသည့် အကြမ်း ဖက်စစ်အုပ်စုက မတရားအာဏာလုယူထားသည့် အချိန်ကာလအတွင်းထုတ်ပြန်သည့်အမိန့် ညွှန်ကြားချက်များ ၊ ဥပဒေများအားလုံးမှာ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သကဲ့သို့ စစ်အုပ်စုကဖွဲ့စည်းတာ ဝန်ပေးအပ်သည့် အဖွဲ့များအားလုံးသည်လည်း အကြမ်းဖက် လက်အောက်ခံအဖွဲ့စည်းအဖြစ် အလိုအလျှောက်ကျရောက်ပြီး ဖြစ်ကြောင်း၊ အမျိုးသားညီညွတ်ရေးအစိုးရက မတ်လ ၁၅ ရက်တွင် ထုတ်ပြန်ခဲ့သည်။ https://bit.ly/3yNClcU


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
https://nugmyanmar.org
ကြေညာချက်အမှတ်(၅/၂၀၂၃)
၂၀၂၃ ခုနှစ်၊ မတ်လ ၁၅ ရက်
"အကြမ်းဖက်စစ်အုပ်စုက ပြုလုပ်ရန်ပြင်ဆင်နေသော တရားမဝင် အတုအယောင်ရွေးကောက်ပွဲနှင့်ပတ်သက်သည့် ထုတ်ပြန်ကြေညာချက်"





## ၂။ နိုင်ငံတကာအသိုင်းအဝန်းအနေဖြင့် အကြမ်းဖက်စစ်အုပ်စု၏ ရာဇဝတ်မှုများအဆုံးသတ်နိုင်ရန် ကူညီသင့်ပြီဖြစ်ကြောင်း ကြေငြာချက်ထုတ်ပြန်

နိုင်ငံတကာအသိုင်းအဝန်းအနေဖြင့် အကြမ်းဖက်စစ်အုပ်စု၏ ပြည်သူအပေါ်ကျူးလွန်နေသည့် ရာဇဝတ်မှု များအမြန်ဆုံး အဆုံးသတ်နိုင်ရန် အမျိုးသားညီညွတ်ရေးအစိုးရအပါအဝင် တိုင်းရင်းသားတော်လှန်ရေး အင် အားစုများအားလုံးနှင့် အမြန်ဆုံး ညှိနှိုင်းတိုင်ပင်ကူညီပံ့ပိုးသင့်ပြီဟု အကြမ်းဖက်စစ်တပ်က နမ်းနိန်ရွာတွင် ပြည်သူ ၂၂ ဦးကို ရက်စက်စွာ သတ်ဖြတ်ခဲ့မှုအပေါ် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ကရင်နီပြည်နယ် အတိုင်ပင်ခံကောင်စီ (KSCC) နှင့် ပအိုဝ်းအမျိုးသားဖက်ဒရယ်ကောင်စီ (PNFC) တို့က မတ်လ ၁၆ ရက်တွင် ပူးတွဲ ကြေညာချက် ထုတ်ပြန်ခဲ့သည်။

http://bit.ly/3Z1PuK6



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government - NUG)**
**ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ (Karenni State Consultative Council – KSCC)**
**ပအိုဝ်းအမျိုးသားဖက်ဒရယ်ကောင်စီ (Pa-O National Federal Council – PNFC)**

၂၀၂၃ ခုနှစ်၊ မတ်လ ၁၆ ရက်

**"အကြမ်းဖက်စစ်အုပ်စုက ပင်လောင်းမြို့နယ်၊ နမ်းနိန်းရွာ ပြည်သူ (၂၂) ဦးကို ရက်စက်စွာ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့မှုနှင့်ပတ်သက်၍ ပူးတွဲထုတ်ပြန်ကြေညာချက်"**

၁။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ကရင်နီပြည်နယ် အတိုင်ပင်ခံကောင်စီ (KSCC)၊ ပအိုဝ်းအမျိုးသားဖက်ဒရယ်ကောင်စီ (PNFC) တို့အနေဖြင့် အကြမ်းဖက်စစ်အုပ်စုက ပင်လောင်းမြို့နယ်၊ နမ်းနိန်းရွာရှိ သံဃာတော်(၃) ပါး၊ အမျိုးသမီး (၁) ဦး အပါအဝင် အရပ်သားပြည်သူ (၂၂) ဦးကို ရက်စက်စွာ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သည့် လုပ်ရပ်အပါအဝင် မတရားအာဏာလုယူထားသည့်ကာလအတွင်း ကျူးလွန်ခဲ့သည့် လူသားမျိုးနွယ်စု အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများ အားလုံးကိုပြင်းထန်စွာရှုတ်ချပြီး တရားမျှတမှု ပြန်လည်ရရှိရေးအတွက် အလေးအနက်ထားဆောင်ရွက်သွားမည်ဖြစ်သည်။

၂။ အကြမ်းဖက်စစ်အုပ်စုသည် တိုင်းရင်းသားဒေသများသို့ ဖြတ်လေးဖြတ်စနစ်ကိုကျင့်သုံးကာ ကျေးရွာများအတွင်း စစ်ကြောင်းထိုးဝင်ရောက်လျက်ရှိပြီး အရပ်သားပြည်သူများအား ရက်စက်စွာ သတ်ဖြတ်ခြင်း၊ အမျိုးသမီးများအား မုဒိမ်းကျင့်သတ်ဖြတ်ခြင်း၊ အချို့ရွာသားများအား လူသားဒိုင်းအဖြစ်အသုံးချရန် ဖမ်းဆီးခေါ်ဆောင်သွားပြီးမှ သတ်ဖြတ်ခြင်းများကိုဆက်တိုက် ကျူးလွန်

1



လျက်ရှိသည်။ ထို့အပြင် တိုင်းရင်းသားပြည်နယ်များအတွင်း အတူတကွနေထိုင်နေကြသော တိုင်းရင်းသားလူမျိုးများအကြား ဘာသာရေးအားဖြင့်သော်လည်းကောင်း၊ လူမျိုးအားဖြင့် သော်လည်းကောင်းသွေးခွဲခြင်း၊ တိုင်းရင်းသားလူမျိုးတူညီကြသူသော်လည်း မတူညီသော အစုအဖွဲ့များအကြား သပ်လျှိုသွေးခွဲခြင်းများကို အစဉ်တစိုက်လုပ်ဆောင်နေကြောင်းလည်း သက်သေအထောက်အထားများ အခိုင်အမာဖြင့်တွေ့ရှိနေရသည်။

၃။ အရပ်သားပြည်သူများအနေဖြင့် အကြမ်းဖက်စစ်အုပ်စု၏ ဖိနှိပ်သတ်ဖြတ်ခြင်းများ မှ လွတ်ကင်းနိုင်ရေး အတွက် အမျိုးသားညီညွတ်ရေးအစိုးရ၊ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းများမှ အတိုင်ပင်ခံကောင်စီများနှင့် ကာကွယ်ရေးတပ်ဖွဲ့များအားလုံး အတူတကွညှိနှိုင်းလုပ်ဆောင်လျက်ရှိကြောင်း ပြောကြားလိုက်ပါသည်။

၄။ အမျိုးသားညီညွတ်ရေးအစိုးရ၏ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့်လည်း အကြမ်းဖက်စစ်တပ်က ကျူးလွန်သော ရာဇဝတ်မှုများအားလုံးနှင့် ပတ်သက်ပြီး အချက်အလက်ရယူစုဆောင်းခြင်း၊ လူသက်သေ၊ ပစ္စည်းသက်သေများ ရယူစုဆောင်းခြင်း၊ နိုင်ငံတကာတရားရေးအဖွဲ့အစည်းများသို့ ပေးပို့ခြင်းများအား သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးနှင့် အတူတကွလုပ်ဆောင်လျက်ရှိကြောင်းပြောကြားလိုက်ပါသည်။

၅။ အကြမ်းဖက်စစ်တပ်သည် အရပ်သားပြည်သူများ၊ သက်ကြီးရွယ်အို၊ အမျိုးသမီး၊ ကလေးသူငယ် နှင့် မသန်စွမ်းတို့ပါ မချန် ရက်ရက်စက်စက် သတ်ဖြတ်လျက်ရှိသောကြောင့် ဒေသခံများအနေဖြင့် အကြမ်းဖက်စစ်တပ်၏ လှုပ်ရှားဆောင်ရွက်မှုများအပေါ် အမြဲမပြတ် သိရှိစေနိုင်သည့် အစီအမံများ ဆောင်ရွက်ရန်နှင့် ဝင်ရောက်လာပါက ဘေးလွတ်ရာသို့ အလျင်အမြန်ထွက်ခွာ ရှောင်တိမ်းကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၆။ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့်လည်း ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးနိုင်ရန်အတွက် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာနှင့် ပစ္စည်းကိရိယာများ၊ ကြိုတင်သတိပေးခြင်း စနစ်ဆိုင်ရာ ပစ္စည်းကိရိယာများစသည်တို့ကို ထောက်ပံ့ပေးနိုင်ပါရန် တောင်းဆိုပါသည်။ အကြမ်းဖက်စစ်အုပ်စု နှင့် အပေါင်းအပါများအပေါ် စီးပွားရေးပိတ်ဆို့မှုအပါအဝင် လက်နက်ခဲယမ်းတင်သွင်းရောင်းချမှု၊ စစ်ရေးတွင်အသုံးပြုနိုင်သည့် နည်းပညာပံ့ပိုးမှု၊ လေယာဉ်ဆီ တင်သွင်းမှု နှင့် အကြမ်းဖက်စစ်တပ်

2



အသုံးပြုလျက်ရှိသည့် စစ်ရေးဆိုင်ရာ ပစ္စည်းကိရိယာများ တင်သွင်းမှုများကို ပိတ်ပင်တားဆီးခြင်းများ ပြုလုပ်ပေးကြရန် တောင်းဆိုပါသည်။

၇။ နိုင်ငံတကာတရားရေးအဖွဲ့အစည်းများနှင့် International Criminal Courtအနေဖြင့် စုံစမ်းစစ်ဆေးမှုများကိုမြန်မာတစ်နိုင်ငံလုံးအနှံ့ကျူးလွန်မှုများအထိ ချဲ့ထွင်စစ်ဆေးဆောင်ရွက်သွားကြရန် တိုက်တွန်းလိုက်ပါသည်။ ကမ္ဘာ့နိုင်ငံများအနေဖြင့်လည်း စစ်ရာဇဝတ်မှုများကိုကျူးလွန်နေသည့် မြန်မာစစ်ကောင်စီနှင့် ယင်း၏အကြမ်းဖက်စစ်တပ်ကို နိုင်ငံအလိုက်အရေးယူဆောင်ရွက်နိုင်မည့် Universal Jurisdictionတရားရုံးများ ဖော်ထုတ်ပြီးထိရောက်စွာလုပ်ဆောင်ခြင်းဖြင့် မြန်မာပြည်သူများ အသက်ဘေးအန္တရာယ်မှ လွတ်မြောက်ပြီးဎင်းတို့လိုချင်သော လွတ်လပ်၍ တရားမျှတသည့် နိုင်ငံတော်သစ် တခုကိုတည်ဆောက်နိုင်ရေးပါဝင်ပံ့ပိုးပေးနိုင်ကြပါရန်တိုက်တွန်းလိုက်ပါသည်။

၈။ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အမျိုးသားညီညွတ်ရေးအစိုးရ အပါအဝင် တိုင်းရင်းသားတော်လှန်ရေးအင်အားစုများအားလုံးနှင့် အမြန်ဆုံး ညှိနှိုင်းတိုင်ပင် ကူညီပံ့ပိုးခြင်းအားဖြင့် အကြမ်းဖက်စစ်အုပ်စု၏ မြန်မာပြည်သူလူထုတစ်ရပ်လုံးအပေါ် ကျူးလွန်လျက်ရှိသည့် ရာဇဝတ်များ လျင်မြန်စွာ အဆုံးသတ်နိုင်ရေး အစောတလျင် ဆောင်ရွက်ကြပါရန် အလေးအနက် တိုက်တွန်းလိုက်ပါသည်။

**အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government - NUG)**
**ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ (Karenni State Consultative Council - KSCC)**
**ပအိုဝ်းအမျိုးသားဖက်ဒရယ်ကောင်စီ (Pa-O National Federal Council - PNFC)**

3

ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီ

## ၃။ မြေပြင်ပြဿနာများကို စောလျင်စွာဖြေရှင်းပေးရန် NUG ပြည်ထောင်စုဝန်ကြီးချုပ် တိုက်တွန်းပြောကြား

ပြည်သူ့ထောက်ခံမှုနှင့် စိတ်ဓာတ်အင်အားများကို မပြတ်မြှင့်တင်ခြင်းများကို စဉ်ဆက်မပြတ် လုပ်ဆောင်ကြရန်၊ မြေပြင်က တင်ပြလာသောပြဿနာ ကိစ္စရပ်များကိုလည်း စောလျင်စွာ ဖြေရှင်းပေးရန်နှင့် တိုင်ကြားနိုင် မည့်နည်းလမ်း၊ ဖြေရှင်းပြီးစီးမှုအခြေအနေများကို စောင့်ကြည့်ခြင်း၊ ကိစ္စအမျိုးအစားအလိုက် အပြီးဖြေရှင်းရမည့် အချိန်သတ်မှတ်ခြင်း စသည့်လုပ်ငန်းစဉ်များကို ဝန်ကြီးဌာနအတွင်း စနစ်တကျထားရှိလုပ်ဆောင်ရမည် ဟု ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းက မတ်လ ၁၆ ရက် ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေး ဖော်ဆောင်မှု ဗဟိုကော်မတီ အစည်းအဝေးတွင် တိုက်တွန်းပြောကြားခဲ့သည်။ http://bit.ly/403CyoA



နိုင်ငံခြားရေးဝန်ကြီးဌာန

## ၄။ အကြမ်းဖက်စစ်ကောင်စီက ၂ နှစ်အတွင်း အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု ၆၀ ကျော်ကျူးလွန်ခဲ့ဟု သံအမတ်ကြီး ဦးကျော်မိုးထွန်းပြော




အကြမ်းဖက်စစ်ကောင်စီက ၂ နှစ်အတွင်း လူအစုလိုက်အပြုံလိုက်သတ်ဖြတ်မှု ၆၀ ကျော် ကျူးလွန်ထားပြီး ယင်းမှာ လူသားမျိုးနွယ်ပေါ်ကျူးလွန်သည့် ရာဇဝတ်မှုတွေဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ် စားလှယ် သံအမတ်ကြီး ဦးကျော်မိုးထွန်းက မတ်လ ၁၃ ရက် (၆၇) ကြိမ်မြောက် Commission on the Status of Women အစည်းအဝေးတွင် ပြောကြားခဲ့သည်။

အကြမ်းဖက်စစ်တပ်က မတရားစစ်အာဏာသိမ်းရန် ကြိုးပမ်းခဲ့ချိန်ကစ၍ အမျိုးသမီးဦးရေ (၄၄၀) ကျော် အပါအဝင် ပြည်သူ (၃,၁၂၀) ကျော်ကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြောင်း၊ အထူးအားဖြင့် အမျိုးသမီး ဆန္ဒပြသူများကို ဦးခေါင်းတည့်တည့်သို့ ရည်ရွယ်ချက် ရှိရှိ ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း၊ မတရားဖမ်းဆီးထိန်းချုပ်ခံရသူများအနက် (၁၄၅) ဦးကျော်ကို စစ်ကြောရေးတွင် သတ်ဖြတ်ခဲ့ပြီး အခြားဖမ်းဆီးထိန်းသိမ်းခံထားရသူ (၈၄၀) ဦးကျော်ကိုလည်း သတ်ဖြတ်ခဲ့ကြောင်း၊ (၂) နှစ်တာ ကာလအ တွင်းအိမ်ခြေ (၆၂,၀၀၀) ကျော်ကို မီးရှို့ဖျက်ဆီးခဲ့ပြီး အပြစ်မဲ့ပြည်သူမြောက်များစွာကိုလည်း လေကြောင်း ကတဆင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည့်အပြင် ပြီးခဲ့သည့်ရက်ပိုင်းခန့်က တာတိုင်ရွာနှင့် နန့်နိမ်းရွာတို့မှာဖြစ်ပွား ခဲ့သည့် လူအစုလိုက်အပြုံလိုက်သတ်ဖြတ်မှု အပါအဝင် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု စုစုပေါင်း (၆၀) ကျော် ကျူးလွန်ခဲ့ကြောင်း သံအမတ်ကြီးကပြောကြားခဲ့သည်။ http://bit.ly/3ZUu5E7

## ၅။ အကြမ်းဖက်စစ်ကောင်စီ၏ အတုအယောင်ရွေးကောက်ပွဲမှာ နိုင်ငံအဝှမ်း သွေးချောင်းစီးမှုများကိုသာ ပိုမိုဖြစ်ပေါ်စေမည်ဟု သံအမတ်ကြီးဦးကျော်မိုးထွန်းပြောကြား



အကြမ်းဖက်စစ်ကောင်စီက အတုအယောင် ရွေးကောက်ပွဲကျင်းပခြင်းအားဖြင့် တရားဝင်မှုရရှိရန် ကြိုးပမ်းနေကြောင်း နိုင်ငံရေးခေါင်းဆောင်များကို ဓားစာခံအဖြစ် ဖမ်းဆီးထိန်းချုပ်၍ တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေသည့် အခြေအနေတွင် စီစဉ်ကျင်းပသည့် မည်သည့်ရွေးကောက်ပွဲမဆို တရားမျှတမှု၊ လွတ်လပ်မှုနှင့် စစ်မှန်မှုတို့ရှိမည်မဟုတ်ကြောင်း၊ ယင်းအတုအယောင် ရွေးကောက်ပွဲသည် မြန်မာနိုင်ငံအခြေအနေအား ရေတိုအားဖြင့် သော်လည်းကောင်း၊ ရေရှည်အားဖြင့်သော်လည်းကောင်း ဖြေရှင်းနိုင်မည့် နည်းလမ်းမဟုတ်ဘဲ နိုင်ငံတစ်ဝှမ်းတွင် သွေးချောင်းစီးမှုများကိုသာ ပိုမိုဖြစ်ပေါ်လာစေမည်ဟု မတ်လ ၁၆ ရက် နယူးယောက်မြို့အ ခြေစိုက် ကုလသမဂ္ဂဌာနချုပ်ရှိ ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ပြုလုပ်သည့် အလွတ်သဘောအစည်း အဝေး၌ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင်းခြေအနေမှာ နိုင်ငံရေးပါတီတစ်ခုနှင့် စစ်တပ်အကြား ဖြစ်ပွားသည့် နိုင်ငံရေးပဋိပက္ခ မဟုတ်ဘဲ စစ်တပ်မှ ရက်စက်ကြမ်းကြုတ်သော စစ်အာဏာရှင်စနစ်ကိုပြန်လည်အကောင်အထည်ဖော်ရန် ကြိုးပမ်းခြင်းနှင့် နိုင်ငံအားဥပဒေမဲ့ဆိုးရွားပြီး ဆင်းရဲနွမ်းပါးကာနောက်ကြောင်းပြန်ဆွဲခေါ်သည့် စစ်အာဏာရှင်၏ ထိန်းချုပ်မှုအောက်သို့ ပြန်လည်သွားရောက်နိုင်မှုကို အကြွင်းမဲ့ကန့်ကွက်သည့် ပြည်သူများ၏ ဆန္ဒတို့ အကြားယှဉ်ပြိုင်မှု ဖြစ်ကြောင်းသံအမတ်ကြီးက ပြောကြားခဲ့သည်။

http://bit.ly/3TrWoXT

လူသားချင်းစာနာထောက်ထားရေးနှင့်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဝန်ကြီးဌာန

## ၆။ ဖေဖော်ဝါရီလအတွင်း စုစုပေါင်း ငွေကျပ် ၃၇၈ ဒသမ ၁၁ သန်း တန်ဖိုးရှိ လူသားချင်းစာနာမှု အကူအညီများ ထောက်ပံ့ပေးနိုင်ခဲ့ဟု NUG ထုတ်ပြန်




၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း စုစုပေါင်း ငွေကျပ် ၃၇၈ဒသမ ၁၁ သန်း တန်ဖိုးရှိ လူသားချင်းစာနာမှု အကူအညီများအဖြစ် စစ်ဘေးရှောင် ပြည်သူများအတွက် ဆန်၊ ဆီ နှင့် ရိက္ခာများ၊ အမိုးအကာများ၊ အဝတ်အထည်များအပါအဝင် လိုအပ်သည့် အသုံးဆောင်ပစ္စည်းများအား ထောက်ပံ့ပေးပို့ခဲ့ပြီး အကြမ်းဖက်စစ်တပ်ကြောင့် မီးရှို့ဖျက်ဆီးခံရသည့် ကျေးရွာများအတွက် "မီးရှို့ခံရနေအိမ်များ ပြန်လည်တည် ဆောက်ရေးအစီအစဉ်" အဖြစ် ယာယီခိုလှုံစရာတဲများ ပြန်လည်တည်ဆောက်ပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း အမျိုးသား ညီညွတ်ရေးအစိုးရ လူသားချင်း စာနာထောက်ထားရေးနှင့် ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာနက မတ်လ ၁၆ ရက်တွင် ထုတ်ပြန်ခဲ့သည်။

http://bit.ly/3LtyA40

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

## ၇။ အကြမ်းဖက်စစ်ကောင်စီ၏ ၂ နှစ်အတွင်း မြန်မာတစ်နိုင်ငံလုံး အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု (၆၄) ကြိမ်ကျူးလွန်ခဲ့ပြီး သေဆုံးသူပေါင်း ၇၆၆ ဦးရှိ

၂၀၂၁ ခုနှစ် ဇူလိုင်လမှ ၂၀၂၃ ခုနှစ် မတ်လ ၁၃ ရက်အထိ အကြမ်းဖက်စစ်ကောင်စီက အပြစ်မဲ့ပြည်သူ ၅ ဦးနှင့် အထက်သတ်ဖြတ်မှု ၆၄ ကြိမ်တွင် အရပ်သားပြည်သူစုစုပေါင်း ၇၆၆ ဦးကိုသတ်ဖြတ်ကျူးလွန်ခဲ့သည်ကို အထောက်အထားများစုဆောင်းနိုင်ခဲ့ကြောင်း ယင်းသတ်ဖြတ်ခံရသူများအနက် အမျိုးသား ၄၇၂ ဦး အမျိုးသမီး ၇၈ ဦးတို့ပါဝင်ကြောင်းခွဲခြားနိုင်ခဲ့ပြီး ကျန် ၂၁၆ ဦးတို့၏ အလောင်းများမှာကျားမစစ်ဆေးရန်ပင် မလွယ်ကူတော့ကြောင်း ကျားမခွဲခြားနိုင်သည့်အလောင်း ၅၅၉ တွင်အသက် ၆၀ နှစ်အထက်သက်ကြီးရွယ်အို ၄၂ ဦးနှင့် အသက် ၁၈ နှစ်အောက် ကလေးသူငယ် ၆၂ ဦးတို့ပါဝင်ကြောင်း မျိုးသားညီညွတ်ရေးအစိုးရ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနက မတ်လ ၁၅ ရက်တွင် ထုတ်ပြန်ခဲ့သည်။ http://bit.ly/3Ly889n

## ၈။ အကြမ်းဖက်စစ်ကောင်စီ၏ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ နိုင်ငံတကာသံတမန်များနှင့် သီးသန့်တွေ့ဆုံပြောကြားခွင့်ရရှိခဲ့




အကြမ်းဖက်စစ်ကောင်စီ၏ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်သည့် တိကျခိုင်လုံသည့် သတင်းများကို မီဒီယာအားသတင်းပေးနိုင်ခဲ့ပြီး နိုင်ငံတကာသံတမန်များကို သီးသန့်တွေ့ဆုံ၍ ပြောကြားခွင့်ရရှိခဲ့ဟု အမျိုးသားညီညွတ်ရေးအစိုးရ လူ့အခွင့်အရေးဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းက မတ်လ ၁၄ ရက် ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီနှင့် ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားပြုကော်မတီများ အစည်းအဝေးတွင် ပြောကြားခဲ့သည်။ http://bit.ly/40dQufc

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန

# ၉။ မြန်မာလူငယ်များ၏ ပညာရေးကို ရိုက်ချိုးခြင်းသည် မြန်မာနိုင်ငံ၏ အနာဂတ်ကို တိုက်ရိုက်အကြမ်းဖက် ဖျက်ဆီးခြင်းဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးပြောကြား

NLD အစိုးရလက်ထက် Covid -19 အပြင်းထန်ဆုံးကာလတွင်ပင်လျှင် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ကျောင်းသူ/ကျောင်းသား (၉)သိန်းကျော်ဖြေဆိုခဲ့သော်လည်း ၂၀၂၁ခုနှစ် အကြမ်းဖက် စစ်အာဏာရှင်များ အာဏာလုရန်ကြိုးစားခြင်း နောက်ပိုင်း တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုသည့် ကျောင်းသူ/ကျောင်းသား (၁)သိန်းပင် မပြည့်တော့သည့်အတွက် အကြမ်းဖက်စစ်ကောင်စီက မြန်မာလူငယ်များ၏ အနာဂတ်ကို အစုလိုက်အပြုံလိုက် ရိုက်ချိုးပြီး လုံးဝပျက်စီးသွားအောင် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံခြင်းဖြစ်ကြောင်း နှင့် မြန်မာလူငယ်များ၏ ပညာရေးကို ရိုက်ချိုးခြင်းသည် မြန်မာနိုင်ငံ၏ အနာဂတ်ကို တိုက်ရိုက်အကြမ်းဖက် ဖျက်ဆီးခြင်းပင်ဖြစ်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ အပြည်ပြည်ဆိုင်ရာပူး ပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Dr.Sasa က မတ်လ ၁၀ ရက် NLD (OC) INTERN ATIONAL MALAYSIA ကြီးမှူးစီစဉ်သည့် မလေးရှားနိုင်ငံ ရောက် CDM သူရဲကောင်းများ၊ နွေဦးတော်လှန်ရေး သူရဲကောင်းများ ၊ စစ်ဘေးရှောင်များ နှင့် တွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။

အကြမ်းဖက်စစ်ကောင်စီသည် အရပ်သားပြည်သူများကို အကြိမ်ပေါင်း ၉,၀၀၀ ကျော် တိုက်ခိုက်ခဲ့ပြီး ဘုရား ကျောင်းများ၊ စာသင်ကျောင်းများ၊ ဘုန်းကြီးကျောင်းများ၊ လူနေအိမ်များအပါအဝင် အပြစ်မဲ့ပြည်သူလူထု၏ အသက်အိုးအိမ်ပေါင်း (၅) သောင်းကျော်ကို မီးရှို့ဖျက်ဆီးခဲ့ပြီး မြန်မာပြည်သူလူထု ၁.၆ သန်းကျော်သည် ဒုက္ခသည်ဘဝအဖြစ် Refugee နှင့် IDP camps တို့တွင် ထွက်ပြေးတိမ်းရှောင်နေရပြီး လက်ရှိတွင် ၅၄ သန်း သော မြန်မာနိုင်ငံလူဦးရေ၏ တစ်ဝက်ဖြစ်သည့် ၂၇ သန်းသည် အလွန်ဆင်းရဲနွမ်းပါးသည့်အခြေအနေကို ရောက်ရှိနေပြီဖြစ်ကြောင်း Dr.Sasa ကဆက်လက်ပြောကြားခဲ့သည်။ http://bit.ly/3LxVszq














တစ်ပတ်အတွင်းအစည်းအဝေးနှင့်တွေ့ဆုံပွဲများ

| စဉ် | နေ့စွဲ | ဝန်ကြီးဌာနနှင့် ကော်မတီများ | အကြောင်းအရာနှင့်ဆွေးနွေးချက်များ | Link များ |
|---|---|---|---|---|
| ၁။ | မတ်လ ၁၃ ရက် | ရန်ကုန်စက်မှုတက္ကသိုလ် ကျောင်းသားများဖြစ်သည့် ကိုဖုန်းမော်နှင့် ကိုစိုးနိုင်တို့ ကျဆုံးခြင်း (၃၅)နှစ်ပြည့် နှစ်ပတ်လည်နေ့အတွက် အမျိုးသားညီညွတ်ရေးအ စိုးရ၊ ယာယီသမ္မတ ဒူဝါလရှီးလနှင့် ပြည်ထောင်စု ဝန်ကြီးချုပ် မန်းဝင်းခိုင် သန်းတို့မှသဝဏ်လွှာပေးပို့ | တော်လှန်ရေးအောင်ပွဲပန်းတိုင် ရောက်သည်အထိ ညီညီညွတ်ညွတ်ဖြင့် အစွမ်း ကုန်ကြိုးပမ်းရင်း မယိမ်းမယိုင် ရှေးရှု လျှောက်လှမ်းမည်ဖြစ်ကြောင်း သစ္စာ အဓိဋ္ဌာန်ပြုကြောင်းဖော်ပြထားသည်။ | http://bit.ly/40f7bqv |
| ၂။ | မတ်လ ၁၃ ရက် | အမျိုးသားညီညွတ်ရေးအ စိုး ရ၊နိုင်ငံခြားရေးဝန်ကြီးဌာန၊ဒု တိယဝန်ကြီး ဦးမိုး ဇော်ဦးနှင့် အမေရိကန်၊ နိုင်ငံခြားရေးဝန် ကြီးဌာနမှအတိုင်ပင်ခံ Derek Chollet (Counselor of the United States Department of State) နှင့်အဖွဲ့တို့တွေ့ဆုံဆွေးနွေး | လက်ရှိမြန်မာပြည်အခြေအနေများ ၊အမေရိကန်ပြည်ထောင်စု၏ရပ်တည် ချက်များနှင့်အကူညီပေးနိုင်မည့်ကိစ္စ ရပ်များအား ဆွေး နွေးခဲ့ကြသည်။ | http://bit.ly/40gz4lr |
| ၃။ | မတ်လ ၁၂ ရက် | ကြားကာလဒေသန္တရပြည်သူ့ အုပ်ချုပ်ရေး ဖော်ဆောင်မှု ဗဟိုကော်မတီနှင့် တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ တွေ့ဆုံဆွေးနွေး | အမျိုးသမီး၊လူငယ်နှင့် ကလေးသူငယ်ရေး ရာဝန်ကြီးဌာနမှ Survival Postersနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး မြို့ နယ်ပြည် သူ့အုပ်ချုပ်ရေးအဖွဲ့ဝင်များမှ မူဝါဒ၊ လမ်းညွှန်ချက်များ၊ လုပ်ငန်း ဆောင် ရွက်ချက်များ၊ မြေပြင်အခက်အခဲများကို ဆွေးနွေးခဲ့ကြသည်။ | http://bit.ly/3yKvot8 |

| စဉ် | နေ့စွဲ | ဝန်ကြီးဌာနနှင့် ကော်မတီများ | အကြောင်းအရာနှင့်ဆွေးနွေးချက်များ | Link များ |
|---|---|---|---|---|
| ၄။ | မတ်လ ၁၄ ရက် | ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ရဲတပ်ဖွဲ့နှင့် စစ်ကိုင်းတိုင်း၊မ ကွေးတိုင်းရှိ မြို့နယ်ပြည်သူ့လုံခြုံရေးအဖွဲ့များ တွေ့ဆုံဆွေးနွေး | ပြည်သူ့ရဲတပ်ဖွဲ့၊ ရဲချုပ်မှ နှုတ်ခွန်းဆက်စ ကားပြောကြားခဲ့ပြီး၊ မြို့နယ်ပြည်သူ့လုံခြုံရေးအဖွဲ့ဝင်များက မိမိဒေသရှိ အမှုအခင်း များနှင့်ပတ်သက်၍မေးမြန်းဆွေးနွေးခဲ့ကြသည်။ | http://bit.ly/3Jyuy82 |
| ၅။ | မတ်လ ၁၅ ရက် | ကြားကာလဒေသန္တရပြည်သူ့အုပ်ချုပ်ရေး ဖော်ဆောင်မှု ဗဟိုကော်မတီနှင့် ရန်ကုန် တိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း မြို့နယ် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ တွေ့ဆုံဆွေးနွေး | ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ဌာန၏ ဖွဲ့စည်းပုံ၊ လုပ်ငန်း ဆောင်ရွက်ချက်များ၊ မူဝါဒနှင့် ထုတ်ပြန် ချက်များ၊ မြို့နယ်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ဝင်များမှ မူဝါဒ၊ လမ်းညွှန်ချက်များ၊ လုပ်ငန်းဆောင်ရွက်ချက်များ၊ မြေပြင်အခက်အခဲများကိုဆွေးနွေးခဲ့ကြသည်။ | http://bit.ly/3n3Hv25 |
| ၆။ | မတ်လ ၁၆ ရက် | ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာနနှင့် ခရိုင်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ တွေဆုံဆွေးနွေး | ပြည်သူ့အုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်း ဆောင်ရွက်ချက်များ ခရိုင်ပြည်သူ့အုပ် ချုပ်ရေးအဖွဲ့များမှ မြေပြင်ကြုံတွေ့နေရ သည့် ကိစ္စရပ်များနှင့်လိုအပ်ချက်များ၊ အခက်အခဲများကို ဆွေးနွေးခဲ့ကြသည်။ | http://bit.ly/40gz5Cx |